မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၈ ]** ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် ( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ) } **သောကြာနေ့** **[ အတွဲ ၇၀**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၂/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

**မွန်ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမင်းကျော်လွင် ကို မွန်ပြည်နယ် စည်ပင်သာယာရေးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

**နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနောင်ရေးစိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေရှည်အစီအစဉ်ဖြင့် ဝန်ထမ်းအိမ်ရာများ စဉ်ဆက်မပြတ် စီစဉ်ဆောက်လုပ်ပေးနိုင်ရန် **"နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) **နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ/<br>ဆောက်လုပ်ရေးဝန်ကြီး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (၅) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၁၆) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘဏ်များအသင်း | အဖွဲ့ဝင် |
| (၁၇) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

(၁၈) ဒုတိယဝန်ကြီး　　အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၁၉) ညွှန်ကြားရေးမှူးချုပ်　　တွဲဖက်အတွင်းရေးမှူး
အခွန်အယူခံခုံအဖွဲ့ရုံး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ခ) နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် မြေနေရာရရှိရေးနှင့် မြေနေရာအား အတည်ပြုရွေးချယ်ခြင်း၊

(၂) ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် ငွေကြေးအရင်းအနှီးရရှိရေး ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၃) ဒေသအလိုက် ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာပုံစံများ အတည်ပြုရွေးချယ်ခြင်း၊

(၄) ဝန်ထမ်းအိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများအား ခွင့်ပြုချထားနိုင်ရန် မူဝါဒချမှတ်ပေးခြင်း၊

(၅) ဝန်ထမ်းအိမ်ရာများတွင် ဝယ်ယူခွင့်ရရှိသော ဝန်ထမ်းများအနေဖြင့် ငွေပေးချေမှု အဆင်ပြေ စေရန် ပေါင်းစပ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(၆) မြေနေရာရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး၊ infrastructure များဖြစ်သည့် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခြင်း၊ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်ရှိသည့် ကိစ္စရပ်များ တင်ပြဆောင်ရွက်သွားခြင်း၊

(၇) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် နှစ်စဉ်ဝန်ထမ်းအိမ်ရာများ စဉ်ဆက်မပြတ် အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်းနှင့် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၈) နိုင်ငံတကာအဖွဲ့အစည်းများထံမှ သက်သာသောချေးငွေရရှိရေး ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) သို့ တင်ပြ၍ ဆောင်ရွက်ပေးခြင်း။

(ဂ) **နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ**

(၁) ကောင်စီဝင်　　ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ/
ဆောက်လုပ်ရေးဝန်ကြီး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့

(၂) တိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာ　　အဖွဲ့ဝင်
မြန်မာ့စီးပွားရေးဘဏ်

(၃) တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(၄) တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး　　အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

(၅) တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ　　အဖွဲ့ဝင်
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၇) တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူး — အဖွဲ့ဝင်
စည်ပင်သာယာရေးအဖွဲ့

(၈) ဥက္ကဋ္ဌ — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း

(၉) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ပုဂ္ဂလိကဘဏ်

(၁၀) တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံ — အတွင်းရေးမှူး
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၁၁) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး — တွဲဖက်အတွင်းရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဃ) နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန် သင့်လျော်ကောင်းမွန်သည့် မြေနေရာရရှိရေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်း၍ စနစ်တကျရွေးချယ်ပြီး ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၂) ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရာတွင် လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိရေးဘဏ်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၃) မိမိဒေသနှင့် ကိုက်ညီသော အိမ်ရာပုံစံများရေးဆွဲပြီး ဦးစီးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်လိုသူ ဝန်ထမ်းအင်အားစာရင်းအား ပြုစု၍ ဦးစီးကော်မတီသို့ တင်ပြခြင်း၊

(၅) ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်လျှောက်ထားလာသူ ဝန်ထမ်းများအား စိစစ်ခွင့်ပြုပေးခြင်း၊

(၆) ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်ရရှိသူဝန်ထမ်းများ၏ ငွေပေးချေမှုအဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၇) ဆောက်လုပ်မည့်ဝန်ထမ်းအိမ်ရာများတွင် infrastructure များဖြစ်ရန် လမ်း၊ ရေ၊ မီးသွယ်တန်းမှုများ အဆင်ပြေစေရန် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(၈) ဝန်ထမ်းအိမ်ရာများ အချိန်မီပြီးစီးရေး၊ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေး ကြပ်မတ်စစ်ဆေးခြင်း။

၂။ လုပ်ငန်းကော်မတီသည် ဆပ်ကော်မတီများ ဖွဲ့စည်းရန်လိုအပ်ပါက ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။　ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်၊ ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **"ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးမြင့်ဆွေ<br>ဒုတိယသမ္မတ | နာယက |
| (၂) | သူရဦးအောင်ကို<br>ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ဒေါက်တာမျိုးအောင်<br>ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၄) | ဗိုလ်ချုပ်အောင်စိုး<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးကျော်မျိုး<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒေါက်တာထွန်းနိုင်<br>ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးမောင်မောင်ဝင်း<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးအောင်မြင်ထွန်း<br>ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

(၉) ဗိုလ်မှူးချုပ်မောင်မောင် — အဖွဲ့ဝင်
ဒုတိယတိုင်းမှူး
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၁၀) ဦးထွန်းအုံ — အဖွဲ့ဝင်
ခေတ္တအမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

**( ခ ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၈) အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်
မြန်မာအမျိုးသားလေကြောင်း
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၉) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၁၀) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၄) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၅) အလှည့်ကျသဘာပတိ — အဖွဲ့ဝင်
ဂေါပကအဖွဲ့
ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး

(၁၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို LED Board ဖြင့် ပူဇော်နိုင်အောင် ဆောင်ရွက်ရန်၊

(ခ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်၊

(ဂ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီး၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဃ) အရေးကြီးပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များအား ကြိုဆိုရေး၊ သံဃာတော်များပင့်ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များအား ဆက်ကပ်မည့်လှူဖွယ်ပစ္စည်းများ၊ သာသနာ့မဟာဗိမာန်တော်ပြင်ဆင်ထားရှိမှုစသည်တို့အား လစ်ဟာမှုမရှိစေရေးအတွက် ကြိုတင်စစ်ဆေးထားပြီး ဆပ်ကော်မတီအသီးသီး၏လုပ်ငန်းဆောင်ရွက်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၇**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် **"နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီ"** တို့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည် -

(က) **နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၄) | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | တွဲဖက်စစ်ရေးချုပ်<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ခေတ္တအမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၅) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၁၆) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၇) ရန်ကုန်မြို့တော်ဝန် အတွင်းရေးမှူး
(ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန)

(၁၈) ခေတ္တအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ခ) နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အာဇာနည်နေ့အခမ်းအနားကျင်းပရေးအတွက် မူဝါဒများချမှတ်ခြင်း၊

(၂) အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းများအား ကြီးကြပ်လမ်းညွှန်ခြင်း၊

(၃) အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက် စနစ်တကျလုံခြုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း။

**(ဂ) နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

(၁) ဝန်ကြီးချုပ် ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ဝန်ကြီး အဖွဲ့ဝင်
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၄) ဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၅) ဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၆) ဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၇) ဝန်ကြီး အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၈) ဝန်ကြီး အဖွဲ့ဝင်
ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၉) ဝန်ကြီး — အဖွဲ့ဝင်
ရခိုင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၀) ဒုတိယတိုင်းမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းစစ်ဌာနချုပ်

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သံတမန်ရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၁၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၀) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

(၂၁) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီး

(၂၂) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၂၃) အင်ဂျင်နီယာမှူးကြီး (မြို့/ပြ) — အဖွဲ့ဝင်
လမ်းဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

(၂၄) ဥက္ကဋ္ဌ အဖွဲ့ဝင်
တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

(၂၅) ရန်ကုန်မြို့တော်ဝန် အတွင်းရေးမှူး
(ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန)

(၂၆) ခေတ္တအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဃ) နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဗဟိုကော်မတီမှချမှတ်သောမူဝါဒများနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) လိုအပ်သည့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း၊

(၃) အခမ်းအနားအဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အနီးကပ်ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း။

၂။ ဗဟိုကော်မတီသည် အခြားလိုအပ်သောကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၇)

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

**နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အား နှစ် (၇၀) ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအဖြစ် အမည်ပြောင်းလဲခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **"နှစ် (၇၀) မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ အား နှစ် (၇၀) ပြည့် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ"** အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက် )

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။ )**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက် )

## နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသား

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါ စီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသား စီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက် စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည် ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ် ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်စျေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ ဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်စျေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၃၄.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၄. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၇. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၇. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၅. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅. ၃ ရာခိုင်နှုန်းမှ ၂၃. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄. ၉ ရာခိုင်နှုန်းမှ ၃၅. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉. ၈ ရာခိုင်နှုန်းမှ ၄၀. ၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်း စားသုံးမှုတန်ဖိုးကို ကျပ် ၆၅,၃၀၄. ၁ ဘီလီယံဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၁. ၇၁ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၈. ၂၈ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက် ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၆,၅၉၀. ၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၇,၇၇၅. ၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၅၃၃,၂၀၅ မှ ကျပ် ၁,၇၁၀,၅၈၂ သို့ ဖြစ်ပေါ်လာရန်။

## အခန်း (၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည် ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ် ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး တို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်း စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပူးတွဲ-၁**

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆,၃၉၉,၈၃၉.၆** | **၂၇.၅** | **၀.၆** | **၁၇,၀၅၈,၆၂၄.၅** | **၂၆.၇** | **၄.၀** |
| | ၁ | လယ်ယာ | ၁၁,၄၆၀,၂၁၈.၂ | ၁၉.၂ | ၀.၉ | ၁၁,၉၃၆,၂၆၂.၅ | ၁၈.၇ | ၄.၂ |
| | ၂ | သားငါး | ၄,၈၉၄,၄၁၃.၂ | ၈.၂ | ၁.၅ | ၅,၀၆၁,၇၂၆.၆ | ၇.၉ | ၃.၄ |
| | ၃ | သစ်တော | ၄၅,၂၀၈.၂ | ၀.၁ | -၆၄.၈ | ၆၀,၆၃၅.၄ | ၀.၁ | ၃၄.၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၈,၄၂၂,၉၃၂.၀** | **၃၀.၉** | **၈.၆** | **၂၀,၂၀၃,၁၉၁.၃** | **၃၁.၇** | **၉.၇** |
| | ၁ | စွမ်းအင် | ၇၇,၁၈၂.၅ | ၀.၁ | -၁၂.၇ | ၈၀,၂၂၀.၀ | ၀.၁ | ၃.၉ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၅၂၂,၀၄၆.၇ | ၀.၉ | ၁.၉ | ၅၅၄,၈၀၇.၀ | ၀.၉ | ၆.၃ |
| | ၃ | စက်မှုလက်မှု | ၁၃,၆၆၄,၈၀၇.၁ | ၂၂.၉ | ၉.၄ | ၁၅,၁၆၁,၆၂၄.၁ | ၂၃.၈ | ၁၁.၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၈၁၄,၁၁၀.၁ | ၁.၄ | ၁၃.၇ | ၈၅၃,၄၀၈.၈ | ၁.၃ | ၄.၈ |
| | ၅ | ဆောက်လုပ်မှု | ၃,၃၄၄,၇၈၅.၆ | ၅.၆ | ၆.၂ | ၃,၅၅၃,၁၃၁.၄ | ၅.၆ | ၆.၂ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၄,၈၅၆,၀၀၅.၂** | **၄၁.၆** | **၇.၁** | **၂၆,၅၈၁,၂၂၃.၂** | **၄၁.၆** | **၆.၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၆၁၇,၅၀၈.၃ | ၁၂.၈ | ၆.၈ | ၈,၁၅၃,၆၉၃.၆ | ၁၂.၈ | ၇.၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၂၅,၈၉၈.၂ | ၄.၇ | ၇.၁ | ၂,၉၅၄,၅၈၅.၃ | ၄.၆ | ၄.၆ |
| | ၃ | ငွေရေးကြေးရေး | ၂၆၅,၀၄၇.၃ | ၀.၄ | ၁၈.၄ | ၂၉၅,၄၄၀.၉ | ၀.၄ | ၁၁.၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁,၅၇၁,၇၀၂.၁ | ၂.၆ | ၄.၃ | ၁,၆၄၁,၈၃၇.၈ | ၂.၆ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၅၉၀,၁၃၆.၃ | ၂.၇ | ၁၂.၁ | ၁,၇၈၀,၉၅၂.၇ | ၂.၈ | ၁၂.၀ |
| | ၆ | ကုန်သွယ်မှု | ၁၀,၉၈၅,၇၁၃.၀ | ၁၈.၄ | ၆.၈ | ၁၁,၇၅၄,၇၁၂.၉ | ၁၈.၄ | ၇.၀ |
| **၄** | | **စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၆၇၈,၇၇၆.၈** | **၁၀၀.၀** | **၅.၇** | **၆၃,၈၄၃,၀၃၉.၀** | **၁၀၀.၀** | **၇.၀** |

ပူးတွဲ-၂

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၄,၈၂၂,၇၇၁. ၆** | **၅၈. ၄** | **၄. ၇** | **၃၇,၂၆၁,၈၁၅. ၈** | **၅၈. ၄** | **၇. ၀** |
| | ၁ | လယ်ယာ | ၁၁,၄၆၀,၂၁၈. ၂ | ၁၉. ၂ | ၀. ၉ | ၁၁,၉၃၆,၂၆၂. ၅ | ၁၈. ၇ | ၄. ၂ |
| | ၂ | သားငါး | ၄,၈၉၄,၄၁၃. ၂ | ၈. ၂ | ၁. ၅ | ၅,၀၆၁,၇၂၆. ၆ | ၇. ၉ | ၃. ၄ |
| | ၃ | သစ်တော | ၄၅,၂၀၈. ၂ | ၀. ၁ | -၆၄. ၈ | ၆၀,၆၃၅. ၄ | ၀. ၁ | ၃၄. ၁ |
| | ၄ | စွမ်းအင် | ၇၇,၁၈၂. ၅ | ၀. ၁ | -၁၂. ၇ | ၈၀,၂၂၀. ၀ | ၀. ၁ | ၃. ၉ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၅၂၂,၀၄၆. ၇ | ၀. ၉ | ၁. ၉ | ၅၅၄,၈၀၇. ၀ | ၀. ၉ | ၆. ၃ |
| | ၆ | စက်မှုလက်မှု | ၁၃,၆၆၄,၈၀၇. ၁ | ၂၂. ၉ | ၉. ၄ | ၁၅,၁၆၁,၆၂၄. ၁ | ၂၃. ၈ | ၁၁. ၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၈၁၄,၁၁၀. ၁ | ၁. ၄ | ၁၃. ၇ | ၈၅၃,၄၀၈. ၈ | ၁. ၃ | ၄. ၈ |
| | ၈ | ဆောက်လုပ်မှု | ၃,၃၄၄,၇၈၅. ၆ | ၅. ၆ | ၆. ၂ | ၃,၅၅၃,၁၃၁. ၄ | ၅. ၆ | ၆. ၂ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၃,၈၇၀,၂၉၂. ၂** | **၂၃. ၂** | **၇. ၃** | **၁၄,၈၂၆,၅၁၀. ၃** | **၂၃. ၂** | **၆. ၉** |
| | ၁ | ပို့ဆောင်ရေး | ၇,၆၁၇,၅၀၈. ၃ | ၁၂. ၈ | ၆. ၈ | ၈,၁၅၃,၆၉၃. ၆ | ၁၂. ၈ | ၇. ၀ |
| | ၂ | ဆက်သွယ်ရေး | ၂,၈၂၅,၈၉၈. ၂ | ၄. ၇ | ၇. ၁ | ၂,၉၅၄,၅၈၅. ၃ | ၄. ၆ | ၄. ၆ |
| | ၃ | ငွေရေးကြေးရေး | ၂၆၅,၀၄၇. ၃ | ၀. ၄ | ၁၈. ၄ | ၂၉၅,၄၄၀. ၉ | ၀. ၄ | ၁၁. ၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁,၅၇၁,၇၀၂. ၁ | ၂. ၆ | ၄. ၃ | ၁,၆၄၁,၈၃၇. ၈ | ၂. ၆ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၅၉၀,၁၃၆. ၃ | ၂. ၇ | ၁၂. ၁ | ၁,၇၈၀,၉၅၂. ၇ | ၂. ၈ | ၁၂. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀,၉၈၅,၇၁၃. ၀** | **၁၈. ၄** | **၆. ၈** | **၁၁,၇၅၄,၇၁၂. ၉** | **၁၈. ၄** | **၇. ၀** |
| **၄** | | **စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၆၇၈,၇၇၆. ၈** | **၁၀၀. ၀** | **၅. ၇** | **၆၃,၈၄၃,၀၃၉. ၀** | **၁၀၀. ၀** | **၇. ၀** |

ပူးတွဲ-၃

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၁၂၈,၆၅၉. ၂ | ၁. ၉ | ၂. ၃ | ၁,၁၉၆,၇၉၉. ၉ | ၁. ၉ | ၆. ၀ |
| ၂ | ကယားပြည်နယ် | ၂၁၀,၉၁၆. ၁ | ၀. ၃ | ၃. ၀ | ၂၁၄,၂၇၀. ၄ | ၀. ၃ | ၁. ၆ |
| ၃ | ကရင်ပြည်နယ် | ၁,၁၃၉,၀၁၉. ၇ | ၁. ၉ | ၇. ၁ | ၁,၂၁၅,၇၁၁. ၄ | ၁. ၉ | ၆. ၇ |
| ၄ | ချင်းပြည်နယ် | ၂၄၅,၁၇၈. ၄ | ၀. ၄ | ၁၇. ၅ | ၂၅၄,၉၂၉. ၀ | ၀. ၄ | ၄. ၀ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၇,၂၉၄,၅၇၅. ၁ | ၁၂. ၂ | ၆. ၈ | ၇,၈၈၉,၈၇၉. ၅ | ၁၂. ၄ | ၈. ၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂,၁၂၃,၈၀၀. ၉ | ၃. ၅ | ၄. ၄ | ၂,၂၁၈,၄၈၉. ၂ | ၃. ၅ | ၄. ၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၅,၁၇၈,၅၈၆. ၅ | ၈. ၇ | ၅. ၄ | ၅,၄၉၀,၇၃၅. ၉ | ၈. ၆ | ၆. ၀ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၅၂၅,၅၄၃. ၅ | ၉. ၃ | ၃. ၆ | ၅,၉၃၈,၇၆၄. ၈ | ၉. ၃ | ၇. ၅ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၇၅၂,၉၈၇. ၄ | ၁၁. ၃ | ၆. ၇ | ၇,၂၃၇,၀၉၅. ၉ | ၁၁. ၃ | ၇. ၂ |
| ၁၀ | မွန်ပြည်နယ် | ၂,၅၄၄,၆၅၅. ၇ | ၄. ၃ | ၆. ၂ | ၂,၆၇၉,၇၆၀. ၉ | ၄. ၂ | ၅. ၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၁၂၂,၃၇၄. ၉ | ၃. ၅ | ၃. ၈ | ၂,၂၀၉,၉၁၁. ၅ | ၃. ၅ | ၄. ၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၄,၄၃၃,၃၈၅. ၆ | ၂၄. ၂ | ၇. ၇ | ၁၅,၆၅၃,၇၀၈. ၄ | ၂၄. ၅ | ၈. ၅ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၇၃၀,၈၄၅. ၅ | ၆. ၃ | ၄. ၆ | ၃,၉၄၅,၅၄၅. ၄ | ၆. ၂ | ၅. ၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၉၅၅,၃၀၆. ၅ | ၁၀. ၀ | ၂. ၅ | ၆,၃၃၄,၄၅၀. ၄ | ၉. ၉ | ၆. ၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၂၉၂,၉၄၁. ၈ | ၂. ၂ | ၄. ၉ | ၁,၃၆၂,၉၈၆. ၄ | ၂. ၁ | ၅. ၄ |

ပူးတွဲ-၄

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | **၂၀,၄၉၂,၉၆၃. ၄** | **၂၅. ၃** | **၂၁,၇၉၄,၈၈၅. ၃** | **၂၃. ၈** | **၆. ၄** |
| | ၁ | လယ်ယာ | ၁၃,၉၅၇,၂၉၈. ၀ | ၁၇. ၂ | ၁၄,၇၅၁,၃၀၆. ၂ | ၁၆. ၁ | ၅. ၇ |
| | ၂ | သားငါး | ၆,၄၈၃,၄၉၇. ၇ | ၈. ၀ | ၆,၉၇၀,၉၀၄. ၆ | ၇. ၆ | ၇. ၅ |
| | ၃ | သစ်တော | ၅၂,၁၆၇. ၇ | ၀. ၁ | ၇၂,၆၇၄. ၅ | ၀. ၁ | ၃၉. ၃ |
| ၂ | | **စက်မှုကဏ္ဍကြီး** | **၂၈,၃၄၇,၂၀၃. ၅** | **၃၄. ၉** | **၃၂,၇၅၃,၈၂၀. ၇** | **၃၅. ၉** | **၁၅. ၅** |
| | ၁ | စွမ်းအင် | ၃,၀၇၉,၇၉၁. ၇ | ၃. ၈ | ၃,၀၄၄,၁၄၅. ၇ | ၃. ၃ | -၁. ၂ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၇၁၉,၅၇၆. ၉ | ၀. ၉ | ၇၂၃,၆၆၈. ၁ | ၀. ၈ | ၀. ၆ |
| | ၃ | စက်မှုလက်မှု | ၁၈,၂၀၃,၁၅၇. ၂ | ၂၂. ၄ | ၂၁,၈၁၅,၅၂၆. ၈ | ၂၃. ၉ | ၁၉. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၁၈၇,၁၄၉. ၃ | ၁. ၅ | ၁,၂၅၃,၄၇၀. ၉ | ၁. ၄ | ၅. ၆ |
| | ၅ | ဆောက်လုပ်မှု | ၅,၁၅၇,၅၂၈. ၄ | ၆. ၃ | ၅,၉၁၇,၀၁၀. ၂ | ၆. ၅ | ၁၄. ၇ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၂,၂၈၇,၈၁၆. ၅** | **၃၉. ၈** | **၃၆,၇၇၀,၇၂၅. ၇** | **၄၀. ၃** | **၁၃. ၉** |
| | ၁ | ပို့ဆောင်ရေး | ၉,၀၅၈,၉၄၅. ၁ | ၁၁. ၂ | ၉,၉၈၂,၉၉၄. ၇ | ၁၀. ၉ | ၁၀. ၂ |
| | ၂ | ဆက်သွယ်ရေး | ၁,၆၇၂,၉၄၈. ၈ | ၂. ၁ | ၁,၇၆၀,၉၉၃. ၂ | ၁. ၉ | ၅. ၃ |
| | ၃ | ငွေရေးကြေးရေး | ၂၀၅,၃၈၃. ၁ | ၀. ၂ | ၂၂၈,၉၃၄. ၈ | ၀. ၃ | ၁၁. ၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂,၈၀၃,၃၁၁. ၇ | ၃. ၄ | ၂,၉၂၈,၆၃၃. ၇ | ၃. ၂ | ၄. ၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂,၂၃၅,၇၃၁. ၆ | ၂. ၈ | ၂,၇၀၅,၂၄၄. ၁ | ၃. ၀ | ၂၁. ၀ |
| | ၆ | ကုန်သွယ်မှု | ၁၆,၃၁၁,၄၉၆. ၂ | ၂၀. ၁ | ၁၉,၁၆၃,၉၂၅. ၂ | ၂၁. ၀ | ၁၇. ၅ |
| ၄ | | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၈၁,၁၂၇,၉၈၃. ၄** | **၁၀၀. ၀** | **၉၁,၃၁၉,၄၃၂. ၇** | **၁၀၀. ၀** | **၁၂. ၆** |

ပူးတွဲ-၅

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
## ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၄၈,၈၄၀,၁၆၆.၉** | **၆၀.၂** | **၅၄,၅၄၈,၇၀၇.၀** | **၅၉.၇** | **၁၁.၇** |
| | ၁ | လယ်ယာ | ၁၃,၉၅၇,၂၉၈.၀ | ၁၇.၂ | ၁၄,၇၅၁,၃၀၆.၂ | ၁၆.၁ | ၅.၇ |
| | ၂ | သားငါး | ၆,၄၈၃,၄၉၇.၇ | ၈.၀ | ၆,၉၇၀,၉၀၄.၆ | ၇.၆ | ၇.၅ |
| | ၃ | သစ်တော | ၅၂,၁၆၇.၇ | ၀.၁ | ၇၂,၆၇၄.၅ | ၀.၁ | ၃၉.၃ |
| | ၄ | စွမ်းအင် | ၃,၀၇၉,၇၉၁.၇ | ၃.၈ | ၃,၀၄၄,၁၄၅.၇ | ၃.၃ | -၁.၂ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၇၁၉,၅၇၆.၉ | ၀.၉ | ၇၂၃,၆၆၈.၁ | ၀.၈ | ၀.၆ |
| | ၆ | စက်မှုလက်မှု | ၁၈,၂၀၃,၁၅၇.၂ | ၂၂.၄ | ၂၁,၈၁၅,၅၂၆.၈ | ၂၃.၉ | ၁၉.၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၁၈၇,၁၄၉.၃ | ၁.၅ | ၁,၂၅၃,၄၇၀.၉ | ၁.၄ | ၅.၆ |
| | ၈ | ဆောက်လုပ်မှု | ၅,၁၅၇,၅၂၈.၄ | ၆.၃ | ၅,၉၁၇,၀၁၀.၂ | ၆.၅ | ၁၄.၇ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၅,၉၇၆,၃၂၀.၃** | **၁၉.၇** | **၁၇,၆၀၆,၈၀၀.၅** | **၁၉.၃** | **၁၀.၂** |
| | ၁ | ပို့ဆောင်ရေး | ၉,၀၅၈,၉၄၅.၁ | ၁၁.၂ | ၉,၉၈၂,၉၉၄.၇ | ၁၀.၉ | ၁၀.၂ |
| | ၂ | ဆက်သွယ်ရေး | ၁,၆၇၂,၉၄၈.၈ | ၂.၁ | ၁,၇၆၀,၉၉၃.၂ | ၁.၉ | ၅.၃ |
| | ၃ | ငွေရေးကြေးရေး | ၂၀၅,၃၈၃.၁ | ၀.၂ | ၂၂၈,၉၃၄.၈ | ၀.၃ | ၁၁.၅ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၂,၈၀၃,၃၁၁.၇ | ၃.၄ | ၂,၉၂၈,၆၃၃.၇ | ၃.၂ | ၄.၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၂,၂၃၅,၇၃၁.၆ | ၂.၈ | ၂,၇၀၅,၂၄၄.၁ | ၃.၀ | ၂၁.၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၆,၃၁၁,၄၉၆.၂** | **၂၀.၁** | **၁၉,၁၆၃,၉၂၅.၂** | **၂၁.၀** | **၁၇.၅** |
| **၄** | | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၈၁,၁၂၇,၉၈၃.၄** | **၁၀၀.၀** | **၉၁,၃၁၉,၄၃၂.၇** | **၁၀၀.၀** | **၁၂.၆** |

ပူးတွဲ-၆

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ
## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၅၃၂,၆၃၈. ၇ | ၁. ၉ | ၁,၆၅၃,၉၆၂. ၇ | ၁. ၈ | ၇. ၉ |
| ၂ | ကယားပြည်နယ် | ၂၇၈,၇၁၁. ၇ | ၀. ၃ | ၃၀၁,၉၉၁. ၅ | ၀. ၃ | ၈. ၄ |
| ၃ | ကရင်ပြည်နယ် | ၁,၄၇၂,၃၅၉. ၆ | ၁. ၈ | ၁,၆၅၅,၆၀၃. ၉ | ၁. ၈ | ၁၂. ၄ |
| ၄ | ချင်းပြည်နယ် | ၃၅၅,၈၂၁. ၂ | ၀. ၄ | ၃၉၃,၂၀၁. ၄ | ၀. ၄ | ၁၀. ၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၉,၄၉၇,၂၁၃. ၈ | ၁၁. ၇ | ၁၀,၈၂၀,၂၁၁. ၈ | ၁၁. ၉ | ၁၃. ၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၃၉၄,၁၄၁. ၉ | ၄. ၂ | ၃,၆၄၇,၂၄၉. ၂ | ၄. ၀ | ၇. ၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆,၇၁၉,၃၇၆. ၂ | ၈. ၃ | ၇,၅၁၅,၇၂၄. ၅ | ၈. ၂ | ၁၁. ၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇,၃၁၃,၉၉၁. ၆ | ၉. ၀ | ၈,၂၅၆,၄၈၂. ၈ | ၉. ၀ | ၁၂. ၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၈,၅၈၄,၃၁၂. ၀ | ၁၀. ၆ | ၉,၇၅၉,၉၇၇. ၇ | ၁၀. ၇ | ၁၃. ၇ |
| ၁၀ | မွန်ပြည်နယ် | ၃,၂၃၅,၈၂၈. ၁ | ၄. ၀ | ၃,၅၉၃,၂၆၈. ၈ | ၃. ၉ | ၁၁. ၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၇၁၈,၃၁၉. ၃ | ၄. ၆ | ၃,၉၈၇,၃၇၀. ၂ | ၄. ၄ | ၇. ၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၉,၂၈၃,၂၀၂. ၃ | ၂၃. ၈ | ၂၂,၄၀၀,၉၆၄. ၁ | ၂၄. ၅ | ၁၆. ၂ |
| ၁၃ | ရှမ်းပြည်နယ် | ၄,၈၇၇,၉၈၀. ၇ | ၆. ၀ | ၅,၄၂၂,၁၁၀. ၅ | ၆. ၀ | ၁၁. ၂ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉,၁၃၄,၇၉၃. ၀ | ၁၁. ၃ | ၁၀,၀၃၀,၂၆၃. ၆ | ၁၁. ၀ | ၉. ၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၇၂၉,၂၉၃. ၃ | ၂. ၁ | ၁,၈၈၀,၀၅၀. ၀ | ၂. ၁ | ၈. ၇ |

ပူးတွဲ-၇

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ**
**ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၆,၃၁၂,၃၆၀. ၆ | ၂၃. ၆၃ | ၆,၀၀၄,၆၈၇. ၇ | ၂၁. ၇၁ |
| ၂ | သမဝါယမပိုင် | ၃,၃၅၈. ၅ | ၀. ၀၁ | ၃,၅၀၂. ၃ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၂၀,၃၉၇,၆၃၅. ၇ | ၇၆. ၃၆ | ၂၁,၆၅၇,၀၈၆. ၃ | ၇၈. ၂၈ |
| | စုစုပေါင်း | ၂၆,၇၁၃,၃၅၄. ၈ | ၁၀၀. ၀၀ | ၂၇,၆၆၅,၂၇၆. ၃ | ၁၀၀. ၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်)

**၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**
**ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇ ။ )

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ**

**အခန်း (၁)**

**ရငွေများနှင့် သုံးငွေများ**

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုကတာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သောစည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့် ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ အခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက် ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ၊ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုမှုများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ငါးဆယ့်နှစ်သိန်းထက် မပိုစေရ။

## အခန်း (၃)

## ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်း အတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်း အတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်

များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်း၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

( ခ ) နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်း နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၄)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅)နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား (၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရှယ်ယာထည့်ဝင်ငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၅,၈၅၇. ၀၆၅ | | ၁၁,၀၁၄. ၉၃၅ | ၂,၈၀၃. ၄၄၇ | | | | | ၃၉,၆၇၅. ၄၄၇ |
| | ပေါင်း | | ၂၅,၈၅၇. ၀၆၅ | | ၁၁,၀၁၄. ၉၃၅ | ၂,၈၀၃. ၄၄၇ | | | | | ၃၉,၆၇၅. ၄၄၇ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား (၁၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၉၂,၁၃၉. ၀၈၅ | | | | | | ၃,၉၅၇. ၉၀၀ | | | ၄၉၆,၀၉၆. ၉၈၅ |
| | ပေါင်း | | | | ၄၉၂,၁၃၉. ၀၈၅ | | | | | | ၃,၉၅၇. ၉၀၀ | | | ၄၉၆,၀၉၆. ၉၈၅ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား (၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၄၄၃,၂၂၂.၇၃၉ | | | ၂,၆၇၀.၂၄၆ | | | | | ၄၄၅,၈၉၂.၉၈၅ |
| | ပေါင်း | | ၄၄၃,၂၂၂.၇၃၉ | | | ၂,၆၇၀.၂၄၆ | | | | | ၄၄၅,၈၉၂.၉၈၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ရွေးကောက်ပွဲခုံအဖွဲ့ (၂)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် - ၂**

**ဦးနေလင်း**
အမှတ် (၆၅၀)၊ သော်တာလမ်း၊
(၃) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ လျှောက်ထားသူ
ရန်ကုန်တိုင်းဒေသကြီး။

နှင့်

**ဦးနေကျော်**
အမှတ် (၁၂)၊ တတိယထပ်၊ (၁၆၅) လမ်း၊
တာမွေကြီး (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ လျှောက်ထားခံရသူ
ရန်ကုန်တိုင်းဒေသကြီး။

**ကန့်ကွက်လွှာ**

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် မဲဆန္ဒနယ်၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ဦးနေကျော်အပေါ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၁ (ခ) (ဂ) နှင့် နည်းဥပဒေ-၈၇ တို့အရ ကန့်ကွက်လွှာ တင်သွင်းခြင်း။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့စွဲဖြင့် MD - 011467 ငွေစာရင်းခေါင်းစဉ်သို့ ငွေ ၅၀၀,၀၀၀/- (ကျပ်ငါးသိန်းတိတိ) အား ပေးသွင်း၍ သတ်မှတ်ကာလအတွင်း ဥပဒေနှင့်အညီ ကန့်ကွက်လွှာကို အောက်ပါအတိုင်း ရိုသေစွာတင်သွင်းအပ်ပါသည်။

**ကန့်ကွက်မှုဖြစ်စဉ်အကျဉ်း**

၁။ လျှောက်ထားသူသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ နေ့စွဲပါ ကြေညာချက်အမှတ် (၂/၂၀၁၇) အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနေကျော်က ခိုင်လုံမဲ (၂၇၃၅၇) ဖြင့် အနိုင်ရရှိခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်း လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရရှိမှုအခြေအနေကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ ဦးနေကျော်သည် အောက်ပါအတိုင်း ရွေးကောက်ပွဲဥပဒေများကို ဖောက်ဖျက်လျက် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်၍ ဆန္ဒမဲအများဆုံးရရှိသွားခဲ့ခြင်း ဖြစ်ပါသည်။

၄။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံတော်အစိုးရ တာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်နေသူ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တစ်နိုင်ငံလုံးသို့ မိန့်ခွန်းပြောကြားခဲ့ပါသည်။ မတ်လ ၃ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် မိန့်ခွန်းအပြည့်အစုံ ဖော်ပြခဲ့ပါသည်။ ယနေ့အချိန်အထိ ပါတီဆောင်ပုဒ်အသစ်ဖြစ်သော **"ပြည်သူနှင့်အတူ"** ဆောင်ပုဒ်အား နိုင်ငံပိုင်သတင်းစာမျက်နှာဖုံးတွင် ဖော်ပြလျက်ရှိပါသည်။

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၅) ပုဒ်မ ၂၃၂ (ဋ) အရ **"ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ"** ဟု ပြဋ္ဌာန်းပါရှိပါသည်။

၆။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ညပိုင်းတွင် နိုင်ငံပိုင် မြန်မာ့ရုပ်မြင်သံကြားမှ နိုင်ငံတစ်ဝန်းလုံးသို့ ပြောကြားသည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတွင် **"ကျွန်မတို့ရွေးကောက်ပွဲ စည်းရုံးရေးကာလတုန်းက ပြည်သူလူထုကို ပြောခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးပါ။ ကျွန်မတို့ကိုယ်စားလှယ်တွေဟာ မဟုတ်မမှန်တာလုပ်လို့ရှိရင် ကျွန်မတို့ကိုယ်တိုင် တာဝန်ယူပြီးတော့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါ့မယ် ဆိုပြီးတော့ ကျွန်မတို့ကတိပေးခဲ့ပါတယ်။ ဒီကတိအတိုင်းလည်း ကျွန်မတို့ဆောင်ရွက်ခဲ့ပါတယ်။" "အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလို့ ပြောချင်လို့မဟုတ်ဘူး။ ကျွန်မတို့တာဝန်ယူပါတယ်ဆိုတာကို ပြောချင်တာ ဖြစ်ပါတယ်။" "ကျွန်မတို့အရင်နှစ်တုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံရဲ့တာဝန်ကို စပြီးတော့ ယူစဉ်တုန်းကဆိုလို့ရှိရင် ကျွန်မတို့ "ပြောင်းလဲချိန်တန်ပြီ" ဆိုတဲ့ ဆောင်ပုဒ်နဲ့ယူခဲ့ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ အခုတစ်နှစ်ကြာပြီဆိုတော့ ဆောင်ပုဒ်ကိုလည်း ကျွန်မတို့နည်းနည်းပြောင်းပြီးတော့ သွားရရင်ကောင်းမယ်လို့ ကျွန်မထင်ပါတယ်။ အဲ့ဒီတော့ ကျွန်မစဉ်းစားပါတယ်။ ဘယ်လိုဆောင်ပုဒ်မျိုးနဲ့ ဆက်သွားရင်ကောင်းမလဲ ဆိုတော့ တိုတိုတုတ်တုတ်နဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် "ပြည်သူနှင့်အတူ" လို့ ကျွန်မတို့ဆက်ပြီးတော့ ဒီခရီးလမ်းကို ပြည်သူနှင့်အတူ လျှောက်သွားချင်ပါတယ်"** ဟု ပြောကြားခဲ့ပါသည်။ ဤပြောကြားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များကို ဖောက်ဖျက် ကျူးလွန်ပြီး ပြည်သူအား မဲဆွယ်စည်းရုံးခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။

၇။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့သည် ရွေးကောက်ပွဲမကျင်းပမီ (၁) ရက်အလိုဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၇) ပါ ညွှန်ကြားချက်တွင် **"ရွေးကောက်ပွဲကော်မရှင်၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်အား ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ (၁) ရက်အလိုအထိ မဲဆွယ်စည်းရုံးခွင့်ရရှိမည်ဖြစ်သည်"** ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့သည် ယင်းပြဋ္ဌာန်းချက်အရ မဲဆွယ် စည်းရုံးခွင့်မရှိသောနေ့ ဖြစ်ပါသည်။

၈။ ထို့ပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပါတီနာယက ဦးတင်ဦးသည် အစိုးရသစ် (၁) နှစ်တာ ခရီးလမ်းအပေါ် သဘောထားအမြင် တင်ပြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏အလံ၊ ရင်ထိုး တံဆိပ်များအား တပ်ဆင်၍ နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားနှင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူသို့ တင်ပြခဲ့ပါသည်။

၉။ အလားတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်၏ အစိုးရသစ် (၁) နှစ်တာ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ပြောကြားချက်များအား ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့၌ နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်၍ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူသို့ တင်ပြခဲ့ပါသည်။ ယင်းသို့ တင်ပြရာတွင် အစိုးရတစ်ရပ်၏လုပ်ဆောင်မှုကို တင်ပြခြင်းမဟုတ်ဘဲ ၎င်းတို့ပါတီအတွက် အကျိုးပြု ပိုမိုယုံကြည်စေသော **"အခု ကျွန်တော်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ယူတဲ့ ဦးထင်ကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်က စပြီး အောက်ခြေတာဝန်ယူရတဲ့ ပုဂ္ဂိုလ်အားလုံးဟာ စေတနာအပြည့်ရှိတယ်။ စေတနာအပြည့်ရှိသော်လည်း လုပ်တာကိုင်တာ မှားယွင်းတာတချို့ရှိတယ်။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဟာ ကိုယ်မှားယွင်းတာကို ပြင်ဖို့ ဝန်မလေးဘူး"** စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

၁၀။ ယင်းကဲ့သို့ ပြောဆိုဖော်ပြမှုများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ကိုယ်စားလှယ်လောင်းများ အတွက် မဲဆွယ်ရာရောက်ပါသည်။ **"နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်အပိုဒ် ၆-၁ (ခ) အရ နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ဒေသန္တရအဆင့် (သို့မဟုတ်) အခြားသောနိုင်ငံတော်ပိုင် အရင်းအမြစ်များကို လူထုမဲဆွယ်စည်းရုံးရေးအတွက် အသုံးပြုခြင်း (သို့မဟုတ်) ဥပဒေအရ ခွင့်ပြုထားသည့် နိုင်ငံရေးလုပ်ငန်းများတွင် အခြားသူများအား မပါဝင်နိုင်စေရန် လုပ်ဆောင်ခြင်း"** ဟု ဖော်ပြပါရှိပါသဖြင့် **"နိုင်ငံတော်ပိုင်သတင်းစာများမှ ပုံနှိပ်ဖော်ပြခြင်းသည် ဤကျင့်ဝတ်ကို ဖောက်ဖျက်ကျူးလွန်ရာရောက်ပါသည်။"** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်အမှတ် (၁/၂၀၁၇) ပါ **"ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့် ရပ်နားထားရမည့် နေ့ရက်အချိန် အသိပေးထုတ်ပြန်ခြင်း"** စာပိုဒ် (၂) တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း (၆၀) (၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက် ၀၆း၀၀ နာရီမှ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည ၁၂း၀၀

နာရီအထိ) ခွင့်ပြုပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ည ၁၂း၀၀ နာရီအချိန်မှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးသည်အထိ **"ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပါသည်"** ဟူသော ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်နေကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

၁၁။ ယင်းသို့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ခေါင်းဆောင်များ၏ ဆောင်ရွက်ချက်များသည် **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီနှင့် ကိုယ်စားလှယ်လောင်းများ၏ကျင့်ဝတ်များကို အတိအလင်း ချိုးဖောက်လျက် ရွေးကောက်ပွဲတွင် တစ်ဖက်သတ်အသာစီးရယူခဲ့မှုကြောင့် လျှောက်ထားသူ ရသင့်ရထိုက်သော ဆန္ဒမဲများ မဲရုံအသီးသီးတွင် မရရှိခဲ့သည့် အခြေအနေသို့ရောက်ရှိခဲ့ရပြီး လျှောက်ထားခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ကိုယ်စားလှယ်လောင်း ဦးနေကျော် အနိုင်ရရှိသွားခြင်းသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (ခ) အရ ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်၏ အကျိုးငှာ တရားမဲ့ပြုကျင့်ရာ ရောက်သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီခေါင်းဆောင်တို့၏ ရွေးကောက်ပွဲဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုများကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၁ (ဂ) အရ တရားမျှတသော ရွေးကောက်ပွဲမဟုတ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါသည်။"**

၁၂။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် လိုက်နာရမည့် ကျင့်ဝတ်များကို ဖောက်ဖျက်ကျူးလွန်လျက် တရားမဲ့ပြုကျင့်မှုများ ပြုလုပ်၍ ရွေးကောက်ပွဲအနိုင်ရရှိသွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနေကျော် အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ပေးပြီး၊ ဦးနေကျော်ရရှိသောမဲများမပါရှိခဲ့သော် ခိုင်လုံသောမဲအများဆုံးရရှိနိုင်မည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း လျှောက်ထားသူ ဦးနေလင်း အား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုကြေညာပေးပါရန် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်။

ဦးနေလင်း
လျှောက်ထားသူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၇

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်)

### မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော "မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့" တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးတို့အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) အောင်ဆန်းစုကြည်၊
ဥက္ကဋ္ဌ၊
ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးမှုတိုးတက်ရေး
အကောင်အထည်ဖော်ရေးဗဟိုကော်မတီ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်<br>( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၇) မှ အတည်ပြုထားသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နေခြည်သော်ဝင်း လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အား နိုင်ငံတော်သမ္မတရုံး၊ အိမ်တော်များဌာနကြီး၌ လစ်လပ် လျက်ရှိသော လစာနှုန်းတူ လက်ထောက်အင်ဂျင်နီယာရာထူးနေရာသို့ **၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ ညနေပိုင်း**မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဝင်းကျော်အောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၃ ဖြင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြစ်မှုတရားစီရင်ရေးဌာန၊ ဦးစီးအရာရှိ ဒေါ်အေးအေးသန်း (တ/၃၀၈၅) သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စီမံရေးရာဌာန၊ အစီရင်ခံစာနှင့် မှတ်တမ်းဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားခြင်းခံရသဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ စီမံရေးရာဌာန၊ အစီရင်ခံစာနှင့်မှတ်တမ်းဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်)

အောက်ဖော်ပြပါ တရားရေးဝန်ထမ်းများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာများအရ ပြောင်းရွှေ့နေရာချထားသည့်ဒေသများ၌ တာဝန်ထမ်းဆောင်ရန် ၎င်းတို့၏ လက်ရှိတာဝန်ဝတ္တရားများကို ယှဉ်တွဲဖော်ပြထားသော နေ့ရက်အသီးသီးမှစ၍ ထမ်းဆောင်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူးနှင့်ဒေသ | တာဝန်ဝတ္တရားများ ထမ်းဆောင်သည့်နေ့ရက် | အမိန့်ကြော်ငြာစာ အမှတ် |
|---|---|---|---|---|
| ၁ | ဒေါ်ထွေးထွေး<br>တ/၂၂၃၁ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ရန်ကုန်အရှေ့ပိုင်းခရိုင် | ၁၆-၁၂-၂၀၁၆<br>နံနက်ပိုင်း | ၈၁၂<br>၈-၁၁-၂၀၁၆ |
| ၂ | ဒေါ်ခင်နှင်းရီ<br>တ/၂၁၀၉ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ရန်ကုန်အရှေ့ပိုင်းခရိုင် | ၁၄-၁၂-၂၀၁၆<br>နံနက်ပိုင်း | ၈၁၃<br>၈-၁၁-၂၀၁၆ |
| ၃ | ဒေါ်ခင်သန္တာ<br>တ/၂၄၈၅ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>မအူပင်ခရိုင် | ၁၄-၁၂-၂၀၁၆<br>နံနက်ပိုင်း | ၈၁၂<br>၈-၁၁-၂၀၁၆ |
| ၄ | ဒေါ်မြတ်သီတာအောင်<br>တ/၂၄၆၉ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>လားရှိုးခရိုင် | ၁၃-၁၂-၂၀၁၆<br>နံနက်ပိုင်း | ၈၁၂<br>၈-၁၁-၂၀၁၆ |
| ၅ | ဒေါ်အေးမွန်စမ်း<br>တ/၂၃၃၃ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>လပွတ္တာခရိုင် | ၁၀-၁-၂၀၁၇<br>နံနက်ပိုင်း | ၈၁၃<br>၈-၁၁-၂၀၁၆ |

## အမိန့်ကြော်ငြာစာအမှတ် (၁၃၁/၂၀၁၇)

အောက်ဖော်ပြပါ တရားရေးဝန်ထမ်းများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမိန့်ကြော်ငြာစာများအရ ပြောင်းရွှေ့နေရာချထားသည့်ဒေသများ၌ တာဝန်ထမ်းဆောင်ရန် ၎င်းတို့၏ လက်ရှိတာဝန်ဝတ္တရားများကို ယှဉ်တွဲဖော်ပြထားသော နေ့ရက်အသီးသီးမှစ၍ စွန့်လွှတ်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူးနှင့်ဒေသ | တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့ရက် | အမိန့်ကြော်ငြာစာ အမှတ် |
|---|---|---|---|---|
| ၁ | ဒေါ်လဲ့လဲ့ဝင်း<br>တ/၂၀၄၂ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ရန်ကုန်အရှေ့ပိုင်းခရိုင် | ၇-၁၂-၂၀၁၆<br>ညနေပိုင်း | ၈၁၁<br>၈-၁၁-၂၀၁၆ |
| ၂ | ဒေါ်ငွေငွေဝင်း<br>တ/၂၀၄၁ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ရန်ကုန်အရှေ့ပိုင်းခရိုင် | ၇-၁၂-၂၀၁၆<br>ညနေပိုင်း | ၈၁၁<br>၈-၁၁-၂၀၁၆ |
| ၃ | ဦးမြင့်စိုး<br>တ/၂၂၇၁ | ဒုတိယခရိုင်တရားသူကြီး<br>ခရိုင်တရားရုံး<br>ရန်ကုန်တောင်ပိုင်းခရိုင် | ၃၀-၁၁-၂၀၁၆<br>ညနေပိုင်း | ၈၁၁<br>၈-၁၁-၂၀၁၆ |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | ရာထူးနှင့်ဒေသ | တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့ရက် | အမိန့်ကြော်ငြာစာ အမှတ် |
|---|---|---|---|---|
| ၄ | ဒေါ်အေးမွန်စမ်း တ/၂၃၃၃ | လက်ထောက်ညွှန်ကြားရေးမှူး ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် | ၃-၁-၂၀၁၇ မွန်းလွဲပိုင်း | ၈၁၃ / ၈-၁၁-၂၀၁၆ |
| ၅ | ဒေါ်ခင်အုန်းတင့် တ/၂၂၄၄ | ဒုတိယခရိုင်တရားသူကြီး ခရိုင်တရားရုံး လားရှိုးခရိုင် | ၁-၁၂-၂၀၁၆ ညနေပိုင်း | ၈၁၁ / ၈-၁၁-၂၀၁၆ |

## အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၁၇)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈၀၉ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဦးမျိုးဆွေဦး (တ/၂၂၈၃) သည် ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်တရားရုံး၊ ခရိုင်တရားသူကြီးအဖြစ် ပြောင်းရွှေ့နေရာ ချထားခြင်းခံရသဖြင့် မော်လိုက်ခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး၏ အလုပ်တာဝန်ဝတ္တရားများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်း၌ စွန့်လွှတ်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၁၇)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၈၈၀ ဖြင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ တရားမတရားစီရင်ရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးအေး (တ/၁၉၁၉) သည် ချင်းပြည်နယ်တရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးရာထူးနေရာသို့ ကျော်ထောက်နောက်ခံပြု၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့နေရာချထားခြင်းခံရသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူး၏ အလုပ်တာဝန်ဝတ္တရားများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်း၌ စတင်ထမ်းဆောင်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၁၈၇/၂၀၁၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၅ ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး ဒေါ်ငွေးမြင့်အေး (တ/၁၇၄၄) သည် ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရာထူးသို့ အစမ်းတိုးမြှင့် ခန့်ထားခြင်းခံရသဖြင့် ကယားပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူး တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ မြသီတာရပ်ကွက်၊ အကွက်အမှတ်/အမည်- ၁၅ ^၁ /မြကျွန်းသာအနောက်၊ ဦးပိုင်အမှတ် (၂၂၅)၊ မြေဧရိယာ **(၁. ၅၆၇)ဧက**အား **"မဟာသန္တမုနိဘုရား"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ်-(၅၃၂/ဘီ)၊ မြေကွက်အမှတ်-(၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈) မှ မြေဧရိယာ (၀. ၃၉၉) ဧကနှင့် မြေကွက်အမှတ် (၄၂၇) မှ မြေဧရိယာ (၁. ၄၀၅) ဧက၊ **စုစုပေါင်းမြေဧရိယာ (၁. ၈၀၄) ဧက**အား **တိပိဋကပုလဲရောင်ရှိန်စာသင်တိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ-၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၉/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့ စော်ဘွားအင်းရပ်ကွက်၊ ကွင်းအမည်-မော်ကူး၊ ဦးပိုင်အမှတ် ၃၈ မှ မြေဧရိယာ **(၁. ၄၃၂) ဧက**အား **"ပညာရာမမဏိရတနာဘုန်းတော်ကြီးကျောင်း"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ မြို့မ (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-(သစ်တော/ကြိုးပြင်)၊ ဦးပိုင်အမှတ် (၂/၁)၊ **မြေဧရိယာ (၂၁. ၅၀)ဧက**အား **ကျိုက္ကမော့လေး တောင်ပေါ်ဘုရားကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၁/၂၀၁၇)

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့၊ စန်ဘောင်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၃၃/စန်ဘောင်၊ ဦးပိုင်အမှတ်-(၄၉၀)၊ မြေဧရိယာ **(၀. ၀၃) ဧက**အား ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **"စန်ဘောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး"** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၂ (ဂ) အရ အခွန်လွတ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၂/၂၀၁၇)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ လွဲမွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၃၈၂/နန့်ပတဲမြောက်၊ ဦးပိုင်အမှတ် (၁)၊ မြေဧရိယာ **(၈၄. ၀၂)ဧက**အား **"ရွှေမဥ္ဇူဘုရားကြီး (အင်းတော်ကြီးဒေသ)"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် )

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅၉/၂၀၁၄) ဖြင့် မြို့မြေအဖြစ်အသုံးပြုရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ အခမဲ့လွှဲပြောင်းပေးခဲ့သည့် ရန်အောင်မြင်ကြိုးဝိုင်းတော တစ်စိတ်တစ်ဒေသ ကြိုးဝိုင်းတောပယ်ဖျက်မြေဧရိယာ (၂၈၂၅. ၀၀) ဧကအနက် နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်-၂/သီရိရတနာ၊ ဦးပိုင်အမှတ် (B$^{2}$) မှ မြေဧရိယာ **(၃. ၂၉)ဧကအား "မဟာဝိသုတာရာမသီဟိုဠ်ကျောင်း၊ ပရိယတ္တိပရဟိတကျောင်းတိုက်"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ ၅၂နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ထန်းပင်ချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၁၇၁ဆ/ဝါးကောက်တောအရှေ့တောင်ကွင်း)၊ ဦးပိုင်အမှတ် (၄၄)၊ **မြေဧရိယာ(၅. ၁၀) ဧကအား သစ္စာဂုဏ်ရည်တောရကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## မြန်မာ့ဆေးဝါးလုပ်ငန်း

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်)

အမှတ် ၀၅၉ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၅-၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ လုပ်ငန်း (ရုံးချုပ်) ဘဏ္ဍာရေးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ မန်နေဂျာ ဒေါ်တင်တင်နွယ် (၂၀၀၄၆၈) အား ၂၀၁၆ ခုနှစ်၊ မေလ ၁၅ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်)

အမှတ် ၀၆၄ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၅-၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်းစိန်)၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထုတ်လုပ်ရေးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ အလုပ်ရုံခွဲမှူး ဦးအောင်ကြီး (၄၂၁၁၃၃) အား ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်)

အမှတ် ၀၈၉ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၅-၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ လုပ်ငန်း (ရုံးချုပ်) သုတေသနဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ မန်နေဂျာ ဒေါ်ဖြူဖြူ (၄၂၈၀၉၈) အား ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ မွန်းလွဲပိုင်း အထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၀၉၀ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၅-၂၀၁၆) ၏ ဆုံးဖြတ်ချက်အရ လုပ်ငန်း (ရုံးချုပ်) သုတေသနဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ ဒေါ်ဆွေဆွေမြင့် (၄၂၈၀၉၅) အား ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်)

အမှတ် ၀၉၈ ။ ။ စက်မှုဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်ရောင်း) မှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ အလုပ်ရုံမှူး ဒေါ်ခင်ဆွေလင်း (၂၃၂၆၁၁) အား ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အေးအေးဝင်း၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆေးဝါးလုပ်ငန်း။

# မြန်မာ့ဆေးဝါးလုပ်ငန်း

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်)

အမှတ် ၁၁၇ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါး စက်ရုံ (အင်းစိန်) ပစ္စည်းစီမံရေး တံဆိပ်ဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ အလုပ်ရုံမှူး ဒေါ်နီနီခင် (၄၀၀၃၂၀) အား ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၁၈ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါး စက်ရုံ (အင်းစိန်) ဘဏ္ဍာရေးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ အလုပ်ရုံမှူး ဒေါ်အေးအေးညွန့် (၄၂၀၄၉၀) အား ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်)

အမှတ် ၁၂၈ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါး စက်ရုံ (အင်းစိန်) ပြုပြင်ထိန်းသိမ်းရေးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ အလုပ်ရုံခွဲမှူး ဦးခင်ညွန့် (၄၂၀၃၃၆) အား ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

အမှတ် ၁၅၃ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆပ်ပြာ စက်ရုံ (မန္တလေး) ကြီးကြပ်မှုအောက်ရှိ ဒိုက်ဦးကော်မှုန့်စက်ရုံခွဲမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ အလုပ်ရုံမှူး ဦးတင်ဝင်း (၈၁၂၈၉၀) အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့် ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

အမှတ် ၁၉၅ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ လုပ်ငန်း (ရုံးချုပ်) သုတေသနဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ မန်နေဂျာ ဒေါ်သိန်းသိန်းဝင်း (၄၀၀၁၅၂) အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်း မှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၉၆ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါး စက်ရုံ (အင်ရောင်း) မှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း၊ ဒုတိယစက်ရုံမှူး ဦးအေးထွန်း (၄၄၉၀၀၀) အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၉၇ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်းစိန်) မှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ အလုပ်ရုံမှူး ဦးသက်လွင် (၄၂၈၀၀၇) အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၉၈ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်းစိန်) မှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ အလုပ်ရုံခွဲမှူး ဒေါ်လှလှဝင်း (၄၀၄၁၉၂) အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

အမှတ် ၂၁၄ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်းစိန်) မွေးမြူရေးဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက်စက်ရုံမှူး ဒေါက်တာခင်ခင်စော (၄၂၁၅၄၁) အား ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၂၁၅ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်းစိန်) မှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက်စက်ရုံမှူး ဒေါ်ချောကြည် (၄၂၈၀၀၇) အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

အမှတ် ၂၄၁ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်းစိန်) မှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက်စက်ရုံမှူး ဦးဉာဏ်ဝင်းမောင် (၄၂၄၃၀၇) အား ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

အမှတ် ၂၈၁ ။ ။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆေးဝါးလုပ်ငန်း၊ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ လုပ်ငန်း (ရုံးချုပ်) ရောင်းချဖြန့်ဖြူးရေးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ ဒေါ်သူဇာခ (၂၀၀၅၃၃) အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

အမှတ် ၃၁၆ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ မြင်းနှင့် သိုးမွေးမြူရေးစခန်း ကြီးကြပ်မှုအောက်ရှိ မြင်းနှင့်သိုးမွေးမြူရေးဌာန (ပွင့်ဖြူ) မှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက်စက်ရုံမှူး ဦးပြည့်အောင် (၄၀၀၄၂၀) အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ မေလ ၉ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၁၇ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ လုပ်ငန်း (ရုံးချုပ်) သုတေသနဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ကြည်စိန် (၄၂၈၀၈၅) အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၃၁၈ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးစက်ရုံ (အင်းစိန်) ပစ္စည်းစီမံရေး (ကုန်ကြမ်း) ဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ အလုပ်ရုံခွဲမှူး ဒေါ်ဆွေဆွေသိန်း (၄၂၀၉၃၅) အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

အမှတ် ၃၁၉ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ လုပ်ငန်း (ရုံးချုပ်) သုတေသနဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ကြူကြူမေ (၄၂၁၆၂၇) အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

အမှတ် ၃၃၆ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) အုပ်ချုပ်ရေးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ အလုပ်ရုံမှူး ဦးမြင့်သိန်း (၂၀၈၆၆၈) အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ မေလ ၁ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်)

အမှတ် ၈၇ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) အုပ်ချုပ်ရေးဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်သီသီခိုင် (၄၀၀၁၄၁) အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၈၈ ။ ။ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့၌ ကျင်းပသော စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၆-၂၀၁၇) ၏ ဆုံးဖြတ်ချက်အရ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) ဘဏ္ဍာရေးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) တန်း၊ မန်နေဂျာ ဒေါ်တင်တင်ဦး (၄၄၁၀၀၂) အား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့်ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ကိုကိုလွင်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆေးဝါးလုပ်ငန်း။

## မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်)

အမှတ် ၂၀၇။ ။ မြန်မာ့စီးပွားရေးဘဏ်၊ မအူပင်ခရိုင်ဘဏ်ခွဲမှ မန်နေဂျာ ဒေါ်အေးအေးမာ (ID - ၀၀၀၅၈) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ - ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေ ပုဒ်မ - ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ-၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

(ပုံ) ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**MC Projects Limited**

**(Myanmar Branch)**

Voluntary Liquidation with the consent of the Head Office

According to the Special resolution by the Board of Directors of MC Projects Limited (Singapore) held on 14th October, 2016 in Singapore it is decided that MC Projects Limited (Myanmar Branch) be placed into voluntary liquidation and that for carrying out of such liquidation, Daw Thida Cho Win (B.Com, C.P.A) holding NRC No. 5/ Nga Za Na (Naing) 038662 was appointed as liquidator.

We hereby announce that any person who have debts and liabilities to this company should claim or pay them from/to the liquidator by 15th August, 2017 at the latest.

Mr. FrancisCus Snieders
Chief Executive Officer
MC Projects Limited
(Myanmar Branch)

Daw Thida Cho Win
No.38, Maw Lamyine Street,
Sayar San North/West ward
Bahan T/S, Yangon.

MC Projects Limited
Suite 1503, 15th floor, Sakura Tower, Sakura Business Center
Kyauktada Township, Yangon, Myanmar

Notice of Special Resolutions pursuant to section 206 (1)

In the matter of the Myanmar Companies Act

***"MIZON CO., LTD. (MYANMAR BRANCH)"***

(In Members Voluntary Winding-up)

At the Extraordinary General Meeting of the Members of the Myanmar Branch held at No. Da-80, Kanbawza Lane, Shwe Taung Kyar (1) Ward, Bahan Township, Yangon Region, on 11-7-2017 the following, "Special Resolutions" were passed:

***Special Resolutions:-***

1. That the "Mizon Co.,Ltd. (Myanmar Branch)" be voluntarily wound-up by the members with effect from 11-7-2017.
2. That Daw Me Me Kyaw, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Branch Office to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Myanmar Branch.
3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No. Da-80, Kanbawza Lane, Shwe Taung Kyar (1) Ward, Bahan Township, Yangon Region , before 11-8-2017.

| | |
|---|---|
| Han Yoon Bok | ME ME KYAW |
| Chief Representative | [B.Com (Q), C.P.A] |
| Mizon Co.,Ltd. (Myanmar Branch) | Certified Public Accountant & Auditor |

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**Organo Gold (Myanmar) Co., Ltd.** ကို

အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းပြီးကြောင်းကြေညာချက်

၁။ **Organo Gold (Myanmar) Co.,Ltd.** ကို အစုရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ၁၃-၆-၂၀၁၇ နေ့တွင် ကျင်းပပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းများရှင်းလင်းပြီးဖြစ်သောကြောင့် အစည်းအဝေးဆုံးဖြတ်ချက်အရ **Organo Gold (Myanmar) Co.,Ltd.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Nan Kay Zin Hla | Saing Thet Min Oo |
| Director | Managing Director |
| Organo Gold (Myanmar) Co.,Ltd. | Organo Gold (Myanmar) Co.,Ltd. |

Notice Under Section 206 (1) of

The Myanmar Companies Act

**"LOTTE SHOPPING COMPANY LIMITED (MYANMAR BRANCH OFFICE)"**

At the Board of Director of the Company held at company's meeting room on **26 th April, 2017,** the resolution to **Closure of Lotte Shopping Company Limited (Myanmar Branch Office)** and appoint Daw Khin Oo Han (CPA Registration No.PA 1027) as the liquidator was passed with a board of director resolution.

In light of such Resolution, all persons claiming to be creditors of the Company are requested to submit details of their claims together with solid documentary evidence to support such claims in their possession, to the liquidator at the address given below on 14-8-2017 or before that day.

Mr. Yang Seung Jin
Representative of the office
(General Manager)
Lotte Shopping Company Limited
(Myanmar Branch Office)

Daw Khin Oo Han
Liquidator
TRUST Auditing & Financial
Consultancy Co.,Ltd.
No.19/A, 2nd Floor, Yonegyi Street,
Kyeemyindaing Township, Yangon,
Myanmar.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ

**K P I Co.,Ltd.** ကို

အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းပြီးကြောင်းကြေညာချက်

၁။ **K P I Co.,Ltd.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၃-၆-၂၀၁၇) နေ့တွင် ကျင်းပပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းများရှင်းလင်းပြီးဖြစ်သောကြောင့် အစည်းအဝေးဆုံးဖြတ်ချက်အရ **K P I Co.,Ltd.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

Sai Hsai Won
Director
K P I Co.,Ltd.

Daw Yu Yu Win
Managing Director
K P I Co.,Ltd.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ရွှေအိမ်သန့် ကုမ္ပဏီလီမိတက်**

**(SHWE EAIN THANT COMPANY LIMITED)**

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေအိမ်သန့် ကုမ္ပဏီလီမိတက် (SHWE EAIN THANT COMPANY LIMITED)** အား (၁၁-၇-၂၀၁၇) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| Daw Kay Thi Oo | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| SHWE EAIN THANT COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**ဖားကန့်ရာဇာ ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၇ ခုနှစ်၊ သြဂုတ်လ (၈) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း

(B.Com, C.P.A)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ကမ်းပါးနီသတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် - ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၉) ရက်

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - ကုမ္ပဏီရုံးခန်း

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ကမ်းပါးနီ ကုမ္ပဏီလီမိတက်**

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် - ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်

အစည်းအဝေးကျင်းပမည့်အချိန် - နံနက် (၁၀း၀၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ - ကုမ္ပဏီရုံးခန်း

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကျောက်ကြီးကုန်း ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## လင်းရောင်ဖြာ ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် | - | ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက် |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | ကုမ္ပဏီရုံးခန်း |

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၄-၇-၂၀၁၇။